**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်**

**ညွှန်ကြားချက်အမှတ် (၈/၂၀၁၆)**

**၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ( ၂၇ ) ရက်**

**(၁၃၇၈ခုနှစ်၊ဝါခေါင်လဆုတ် ၉ ရက်)**

**အကြောင်းအရာ။ ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြရန်ကိစ္စ။**

၁။ ငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်ရေးဥပဒေ၊ ပုဒ်မ ၇၁ (ခ) ပုဒ်မခွဲ(ခ)တွင် ပြဋ္ဌာန်းထားသည့် လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများက နှစ်ပတ်လည်အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ ငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေ ၁၁၉ နှင့် နည်းဥပဒေ ၁၂၈ တို့အရ စတော့အိပ်ချိန်းတွင် စာရင်းဝင်ထားသည့်ကုမ္ပဏီသည် ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် သုံးလထက်နောက်ကျခြင်းမရှိစေဘဲ အောက်ဖော်ပြပါစာရွက်စာတမ်းများကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သို့ တင်ပြရမည်-

(က) နှစ်ပတ်လည်အစီရင်ခံစာ

(ခ) ဒါရိုက်တာအဖွဲ့အစည်းအဝေးကအတည်ပြုထားသော ယင်း၏ယခင်ဘဏ္ဍာရေးနှစ်၏ငွေသားစီးဆင်းမှုစာရင်း၊ လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်ရှင်းတမ်း၊

(ဂ) ငွေသားစီးဆင်းမှုစာရင်း၊ လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်းတို့ပူးတွဲထားသည့် စာရင်းစစ်အစီရင်ခံစာ၊

(ဃ) ငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်ရေးဥပဒေ၊ ပုဒ်မ၃၅(ခ)နှင့် ငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေ၊ ပုဒ်မ-၁၀၉ တို့အရ အလားအလာညွှန်းတမ်းတွင်ပါဝင်ရသည့်ကုမ္ပဏီ၏ အရေးကြီးသောအချက်အလက်များ၊

၃။ စာရင်းဝင်ကုမ္ပဏီသည် နှစ်ပတ်လည်အထွေထွေအစည်းအဝေး တွင်အတည်ပြုပြီးသော ယခင်ဘဏ္ဍာရေးနှစ်၏ ငွေသားစီးဆင်းမှုစာရင်း၊ လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်းများကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် ခြောက်လထက်နောက်မကျဘဲ အစီရင်ခံတင်ပြရမည်။

(မောင်မောင်ဝင်း)

ဥက္ကဋ္ဌ

စာအမှတ်၊ကော်မရှင်/ဈေးကွက်ကြီးကြပ်/၉၃၁

ရက်စွဲ ၊၂၀၁၆ခုနှစ်၊ဩဂုတ်လ၂၇ရက်

ဖြန့်ဝေခြင်း

စာရင်းဝင်ကုမ္ပဏီများအားလုံး။